
# သံသယ ကင်းပါစေ



# အမှာစာ

ဒီစာအုပ်မှာ လူငယ်လူရွယ်တွေ ကြုံရလေ့ရှိတဲ့ အကြောင်းအရာများ၊ အခက်အခဲများ၊ ဖြေရှင်းပုံများကို ဇာတ်လမ်းဖြစ်အောင်ပြုစုထားပါတယ်။

ဒီစာအုပ်ကိုဖတ်ပြီး နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ခြင်း၊ လူငယ်အချင်းချင်း စုပေါင်းဆွေးနွေးခြင်းများ ပြုလုပ်ကြဖို့လဲ မေတ္တာရပ်ခံပါတယ်။

လူငယ်များဘဝတွက်တာသိမှတ်စရာတွေ တိုးတက်လာအောင် ဇာတ်လမ်းကို သေသေချာချာ ဖတ်ပါ။ နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ပါ။ သိရှိလာတဲ့ အသိပညာ၊ သတင်းအချက်အလက်တွေကို နေ့စဉ်ဘဝမှာပြန်လည်ပြီး လက်တွေ့အသုံးပြုပါ။

အခက်အခဲပြဿနာတွေကို လူငယ်တို့ ရင်ဆိုင်ဖြေရှင်းနိုင်စေဖို့ ဒီစာအုပ်က ဘဝလမ်းညွှန်အဖြစ် အကူအညီ ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။


တစ်ခါတုန်းကရွာတစ်ရွာမှာ ဦးစောတို့မိသားစုနေထိုင်ကြတယ်။
ပျော်စရာကောင်းတဲ့ မိသားစုလေးဖြစ်ပြီး ကြက်မွေးမြူရေးလုပ်ကြတယ်။
ဖေဖေရေ…
သမီးတို့ကြက်ကလေးတွေ
အတော်တောင်ကြီးလာပြီနော်
ဟုတ်တယ်သမီးရဲ့…
သမီးအတွက်
ကျောင်းစရိတ်လေ


တစ်နေ့ကျတော့
မေမေရေ... မေမေရေ... သမီးတို့ရဲ့အကြီးဆုံးကြက်ကြီး ပျောက်နေတယ် ရှာလို့လဲမတွေ့တော့ဘူး
ဟေ ...ငါ့ကြက်ဘယ်သူ ခိုးစားတာလဲကွ ... သိလို့ကတော့ ငါ့အကြောင်း သိမယ်
ဟင် – ဟုတ်လား ဦးစောရေကျွန်မတို့ ကြက်ကြီးပျောက် နေတယ်တဲ့တော့


အဲဒီအချိန်မှာ ဦးစောရဲ့သားငယ် ကစားတဲ့နေရာက ပြန်လာတယ်။
ဖေဖေရေ ... ဦးသန်းတို့အိမ်မှာ ဒီနေ့ကြက်သားဟင်း ချက်တယ်လို့ ပြောသံကြားတယ်
ဟေ ... ဟုတ်လားကွငါ့ကြက်ခိုးတာ သူတို့ပဲဖြစ်ရမယ် ငါနဲ့တော့တွေ့ပြီပေါ့ကွာ




ဦးသန်းအိမ်ရှေ့တွင် ...
ဟေ့ ... ဦးသန်း ခင်ဗျားတို့ ဒီနေ့ကြက်သား ချက်စားတယ်ဆို ... ကျုပ်ကြက်ကိုခင်ဗျားတို့မို့ လုပ်ရက်တယ်
ဟေ့လူ ... ခင်ဗျားဘာတွေလာပြော နေတာလဲကိုယ့်ဘာသာ ကြက်သား ဟင်းချက်စား တာနဲ့ပဲ ခင်ဗျားကြက်ခိုးတယ် ဖြစ်ရရောလား




ကျုပ်အိမ်ကကြက်ပျောက်သွားတယ်လေ ခင်ဗျားအိမ်ကလဲကြက်သားဟင်း ချက်စားတယ်။ အဲဒီကြက်ကသမီးလေးရဲ့ ကျောင်းစရိတ်ထားတာဗျ၊ ကျုပ်မကျေနပ်ဘူး၊ လူကြီးကိုတိုင်မယ်
မကျေနပ်လဲ တိုင်ကွာ



နောက်ဆုံး အုပ်ချုပ်ရေးမှူးအိမ်
ရောက်သွားကြတယ်။
ဟာ ...
ဦးစောတို့ ဦးသန်းတို့ပါလား
လာကြလာကြ...
ဘာကိစ္စများရှိလို့လဲ
ကျုပ်အိမ်ကကြက်ပျောက်သွားတယ်
သူတို့အိမ်မှာကြက်သားဟင်း
ချက်စားတယ်....
အဲဒါကျုပ်ကြက်ပဲပေါ့၊ ကျုပ်ကြက်
ကလေးကိုကျုပ်အရမ်းတန်ဖိုးထား
တာပါ။ သမီးလေးရဲ့ကျောင်းစရိတ်
လည်း ဖြစ်နေလို့ပါ - -
ခင်ဗျားသမီး
ကျောင်းစရိတ်ဆိုတာနားလည်
ပါတယ်၊ ဒါပေမယ့် ကျုပ်စားတဲ့
ကြက်ကဈေးကဝယ်လာတာ၊
ကျုပ်ဒါမျိုးအကျင့်မရှိဘူး


ကဲ ... အားလုံးတော်ကြပါတော့ဗျာ။
တစ်ရွာထဲသားတွေပဲ ညှိညှိနှိုင်းနှိုင်း
သင့်သင့်မြတ်မြတ်ရှိရမှာပေ့ါ - -
ဦးသန်းကလဲ စျေးကဝယ်တဲ့
ကြက်ပါလို့ အတိအကျပြောနိုင်
တာပဲ။ ခင်ဗျား ပြေလည်ပေး
လိုက်ပါဦးစောရယ် - - -


အုပ်ချုပ်ရေးမှူးကညှိပေးလိုက်မယ့်လည်း ဦးစောနဲ့ ဦးသန်းဟာ
တစ်ဦးနဲ့ တစ်ဦး မခေါ်နိုင်မပြောနိုင်ဖြစ်နေတယ်။
လမ်းမှာတွေ့လည်း စိတ်ထဲကနေ . . . .
ထွီ ...
သူများပစ္စည်းခိုးတဲ့ကောင်နဲ့မှ
လာတွေ့နေတယ် - -
ဦးနှောက်မရှိတဲ့ကောင် -
အရူး - - -


တစ်ညမှာဦးသန်းတစ်ရေးနိုးလာတော့
ဟာ ... ဦးစောတို့အိမ်ရဲ့ မီးဖိုချောင်တံစက်မြိတ် မီးလောင်နေပါလား


ငါသွားပြီး နှိုးမှဖြစ်မယ်
ငါမပြောလိုက်ရင်သူတို့အိမ် မီးလောင်ပြီး သူတို့တစ်မိသားစုလုံး ဒုက္ခရောက်ကုန်မယ်၊ သူတို့အိမ်ကစပြီး တစ်ရွာလုံးလည်း မီးထဲ ပါသွားနိုင်တယ်


ဗျို့…ဦးစော ထ … ထ
ခင်ဗျားတို့အိမ်မီးလောင်နေပြီ
မြန်မြန်ထကြ




ဟာ … ဟုတ်ပါရဲ့
မိန်းမရေ ထ ထ ကလေးတွေ
ခေါ်ပြီး မင်းတို့လွတ်အောင်
ပြေးကြ။ လာကြပါဦး လာကြ
ပါဦး.....မီးဗျို့မီး . . . မီး
လာကြပါဦး
ကယ်ကြပါဦး ..မီး မီး
မီး . . မီး - - -


ဦးသန်းနှင့် ပတ်ဝန်းကျင်မှလူများ ငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားခဲ့သည်။ မနက်မိုးလင်းသောအခါ ဦးစောတို့မိသားစု ခြံဝင်းမှ အမှိုက်များကို ရှင်းလင်းကြစဉ်
ဟာ ... ပိန်းတောထဲမှာ ကြက်သေကြီး တစ်ပိုင်းတစ်စနဲ့ပါလား။ ဇကေန္တ ခွေးအတို့ ဘာတို့ တစ်ကောင်ကောင် ကိုက်သတ်ခံရတာပဲဖြစ်ရမယ်။ ငါဦးသန်းကို သံသယနဲ့ အထင်လွဲမိပြီ


ဦးစောဟာ ဦးသန်းရှိရာသို့ သွားပြီး ....
ဟူး ... တော်ပါသေးရဲ့ဗျာ၊ ဦးသန်းကယ်ပေလို့ပဲ နို့မို့ဆိုကျွန်တော်တို့အိမ်ရဲ့ ပေါ့ဆမှုကြောင့် မီးကြွင်းမီးကျန်ကနေ တစ်မိသားစုလုံး ပြာကျလောက်ပြီ။ ကျွန်တော်တို့ရဲ့ကြက်သေလည်း ပြန်တွေ့ပါပြီ။ ကျွန်တော်ခင်ဗျားတို့အပေါ်မှာ အထင်မှား အမြင်မှားစွပ်စွဲမိခဲ့တာကို အနူးအညွတ်တောင်းပန်ပါတယ်ဗျာ
ရပါတယ်ဗျာ။ ကျွန်တော်လဲစိတ်ထဲ မထားပါဘူး၊ ဦးစောနေရာမှာကျွန်တော်သာ ဆိုရင်လဲဒီလိုပဲဖြစ်မိမှာပဲ။တကယ်တော့ အိမ်နီးနားချင်းဆိုတာ သံသယကင်းကင်းနဲ့ နားလည်မှုပေးပြီး နေသွားကြရင်ဘာ ပြဿနာမှမရှိနိုင်တော့ဘူးပေါ့၊ နောက်ပြီး မီးလဲမပေါ့ဆနဲ့ပေါ့ဗျာ။
ပြီး

# သိသလယ တင်းပါစေ



၁။ ဒီဇာတ်လမ်းက ဘာအကြောင်း ရေးထားတာလဲ။

---

၂။ ဦးစော ဘယ်သူလဲ။

---

၃။ ဦးစော ဘာတွေလုပ်သလဲ။

---

၄။ အိမ်နီးချင်း ဦးသန်းကို ဘယ်လို စွပ်စွဲသလဲ။

---

၅။ ဦးသန်း ဘယ်သူလဲ။



# သိသယ တာင်းပါစေ



၆။ ဦးသန်း ဘာတွေလုပ်သလဲ။

-----

-----

-----

၇။ အိမ်နီးချင်း ဦးစောအပေါ် ဘယ်လိုတုံ့ပြန်ခဲ့သလဲ။

-----

-----

-----

၈။ ဦးစောနဲ့ ဦးသန်းတို့ ဘယ်လိုပြန်ပြီး တည့်သွားကြသလဲ။

-----

-----

-----

၉။ ဦးစောရဲ့ လိုအပ်ချက် -----

တာဝန် -----

ရပိုင်ခွင့် -----

စသည်တို့ဖြစ်ကြပါသည်။

၁၀။ ဦးသန်းရဲ့ လိုအပ်ချက် -----

တာဝန် -----

ရပိုင်ခွင့် -----

စသည်တို့ဖြစ်ကြပါသည်။



# ငြိမ်းချမ်းရေး တည်ဆောက်ခြင်း

ငြိမ်းချမ်းရေးတည်ဆောက်မှု ဦးတည်ချက်ဖြင့် ဖော်ပြထားတဲ့ စောမူပြန်လာမှာပါ၊ နန်းမိုး လက်မလျှော့ပါ၊ သံသယကင်းပါစေ ပုံပြင်များကို အခြေပြုပြီး အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ပုံပြင်ထဲမှာပါတဲ့ ပဋိပက္ခတွေ ဖြစ်ရခြင်း အကြောင်းရင်းတွေက ဘာတွေလဲ။

---

၂။ ဘယ်အဆင့်မှာ ပဋိပက္ခဖြစ်ခဲ့သလဲ။

---

၃။ ပဋိပက္ခတွေ ဘယ်လိုဖြစ်ခဲ့သလဲ။

---

၄။ ဘယ်သူက ပဋိပက္ခကို စတင်ခဲ့သလဲ။

---

၅။ ပဋိပက္ခကြောင့် ဘယ်သူတွေ ထိခိုက်ခဲ့သလဲ။

---

၆။ ပဋိပက္ခဖြေရှင်းရေးအတွက် ဘယ်လိုနည်းဗျူဟာတွေ အသုံးပြုရမလဲ။

---

၇။ ပဋိပက္ခဖြေရှင်းနည်းဗျူဟာက ဘာအကျိုးတွေ ရခဲ့သလဲ။ ထိရောက်မှုရှိသလား။ မထိရောက်ဘူး လား။ ဘာကြောင့်လဲ။

---

# ကျေးဇူးတင်ရှိခြင်း

ဤစာအုပ်သည်လူငယ်များအတွက် ဘ၀တွက်တာအခြေခံကျွမ်းကျင်မှုများရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာတန်ဆောင်အဖွဲ့ UNICEFတို့ ပူးတွဲအကောင်အထည်ဖော်လျက်ရှိသည့် ရပ်ရွာအခြေပြုကျောင်းပြင်ပရောက်ကလေးများအတွက် စဉ်ဆက်မပြတ်တိုးချဲ့ပညာသင်ယူခြင်း အစီအစဉ်(EXCEL) တွင်ပါ၀င်သောကလေးများကိုယ်တိုင်ပါ၀င်ပြီး Mr.GregoryCarl (ဘ၀တွက်တာအခြေခံကျွမ်းကျင်မှုပညာပေးခြင်း အစီအစဉ် အတိုင်ပင်ခံပုဂ္ဂိုလ်)၏ ဦးဆောင်မှု၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကရုဏာမြန်မာလူမှုရေး အသင်း၊မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ သီရိမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမအသင်း၊ တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကျောင်းပြင်ပမူလတန်းပညာရေး စသည်တို့မှပံ့ပိုးကူညီမှုဖြင့် ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ပါ၀င်ခဲ့ကြသော ဇာတ်လမ်းပြုစုသူများဖြစ်ကြသည့် မဟီးမိုး (ဒီမောဆိုး)၊ မောင်ဖရီးရယ်(ဒီမောဆိုး)၊ မောင်ဂျပ်စတင်းငယ်ငယ်(ဒီမောဆိုး)၊ မဖြူအောင် (သထုံ)၊ မမီးပု(သထုံ)၊ မောင်ထွန်းအောင်ကျော်(သထုံ)၊ မရီရီ၀င်း(လှိုင်သာယာ)၊ မောင်သန်းဇော် (လှိုင်သာယာ)၊ မောင်၀င်းကိုကိုထွန်း(လှိုင်သာယာ)၊ မောင်မျိုးဇင်နိုင်(လှိုင်သာယာ)၊ မောင်မျိုး၀င်းအောင် (လှိုင်သာယာ)၊ မောင်ဇေယျာလင်း(ကော့မှူး)၊ မခင်စောမူ(ကော့မှူး)၊ မခိုင်သဇင်မိုး(ကော့မှူး)၊နန့်ဉမ္မာထွေး(မြောင်းမြ)၊နော်အယ်ဒိုလား (မြောင်းမြ)နှင့် ဆရာ ဦးအောင်ကျော်ကျော်တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ဤစာအုပ်ပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင်လည်းကောင်း၊ ကွင်းဆင်းစမ်းသပ်မှုပြုလုပ်ရာတွင်လည်းကောင်း၊ ပါ၀င်ကူညီပေးခဲ့သည့် ပညာတန်ဆောင်အဖွဲ့၀င်များ၊ NGO အဖွဲ့၀င်များ၊EXCELအဖွဲ့၀င်များ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ရပ်ရွာအဆင့်ကူညီပံ့ပိုးသူများနှင့် ကျောင်းပြင်ပကလေးများအားလုံးတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# ကျောင်းပြင်ပကလေးများ ကိုယ်တိုင်ပြုစုထားသော စာအုပ်များ



သရုပ်ဖော် ပန်းချီ.... ဆရာစောတင်မောင်

Australian Aid
DANIDA
EUROPEAN UNION
NORWEGIAN EMBASSY
UKaid from the British people
unicef unite for children